ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

၃၁ ရက်မြောက်နေ့အစီအစဉ်

၄ – ၁၀ – ၂၀၁၁ (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်၏ "ရွှေပြည်သာမြို့နယ်အတွင်း ဖြတ်သန်းမြုပ်နှံထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ" နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ "သမဝါယမ အသင်းများ၏ ပိုင်ဆိုင်မှုများနှင့် ပြည်သူများ၏ ခံစားခွင့်"နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ "GEC အသင်းစုများတွင် အသင်းဝင်များထည့်ဝင်ငွေဖြင့် ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိမှုအတွက် ပံ့ပိုးကူညီမှုများ"နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဒေါက်တာမောင်မောင်ဝင့်၊ ဇဗဟန်းမဲဆန္ဒနယ်၏"ကျန်းမာရေး ဝန်ထမ်းများ ပြည့်ပမသွားရောက်မီ ငွေကျပ်သိန်း(၅၀) ကောက်ခံသည့် ကတိခံဝန်ချက်ကို ပြင်ဆင်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကင်းစိန်၊ သရက်ချောင်း မဲဆန္ဒနယ်၏"ပဲဒက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ပေးရန်"နှင့်စပ်လျဉ်းသည့် မေးခွန်း

(စ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏"ဘက်စုံသဘာဝဖွားသင်တန်းနှင့် သူနာပြုသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခင်ဝင်း၊ ပန်းတောင်း မဲဆန္ဒနယ်၏" **GSM** ဖုန်းတပ်ဆင်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ " တယ်လီဖုန်းအိပ်ချိန်းအဆောက်အဦကို ပြောင်းရွှေ့ဆောက်လုပ်ပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏" ဆက်သွယ်ရေး၏ ပထမနှစ်လျာထားချက်တွင် မိုင်းရယ်မြို့နယ်အတွက် ဆောင်ရွက်ပေးရန် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဇော်ကိုရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း၊ မောင်တောမဲဆန္ဒနယ်၏ "အဆင့်မြင့်ကွန်ဒိုမီနီယမ် ပိုင်ဆိုင် နေထိုင်နိုင်ရေးဆိုင်ရာဥပဒေ(**Condominium Law**) အား တရားနည်းလမ်းမျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်မှုပြုပေးပါရန် " အဆို တင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၃၂ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။